ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်၊ အင်္ဂါနေ့ (12-7-2011) (၆၁၀၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တွေ့ဆုံဆွေးနွေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်တို့ နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးအဆောက်အအုံ ဆွေးနွေးပွဲခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံသို့ ပထမဦးဆုံးအကြိမ် ချစ်ကြည်ရေးခရီး လာရောက်ခြင်းဖြစ်သည့်အတွက် ဝမ်းမြောက်စွာကြိုဆို ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်စေရန် တွန်းအားပေးသွားမည်ဟု ယုံကြည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

နှစ်နိုင်ငံအကြား ကောင်းမွန်သော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် ကမ္ဘာတစ်ဝန်းနှင့် ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ပိုမိုအထောက်အကူပြု

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်

နေပြည်တော် ဇူလိုင် ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်နှင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ယနေ့ ညနေ ၅ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အဆောက်အအုံ ဆွေးနွေးပွဲခန်းမ၌ ကျင်းပသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

အလားတူ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍

ကြေးမှုံ The Mirror

၁၂- ၇ -၂၀၁၁
(အင်္ဂါနေ့)

ကျေးလက်လူ့မှုစီးပွားဖွံ့ဖြိုးအောင် ဝိုင်းဝန်းဖော်ဆောင်

မြန်မာ့လယ်ယာမြေတစ်ခွင် ကုန်ထုတ်သီးနှံထုတ်လုပ်မှုတိုးတက်ရေး စွမ်းဆောင်နေကြသူ ကျေးလက်ပြည်သူများသည် နိုင်ငံ၏လူအများစု ဖြစ်သည်။ ယခုအခါ နိုင်ငံတော်အစိုးရက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စီမံကိန်းအရ ကျေးရွာပေါင်းခြောက်သောင်းကျော်တွင် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည် ဖော်သွားမည်ဖြစ်သည်။ ကျေးလက်ဒေသ ကုန်ထုတ်လုပ်မှုတိုးတက်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ကဏ္ဍစုံက ကြိုးပမ်းလျက်ရှိသည်။ လယ်ယာသားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမှသည် ကျေးလက်ပြည်သူများ ဝင်ငွေတိုးတက်ရရှိရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များ ပါဝင်သည်။

ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖန်တီးဖြည့်ဆည်းပေးသွားရပေမည်။ ကျေးရွာအဆင့်နှင့် ညီမျှသော ကျန်းမာရေးဝန်ထမ်း၊ ကျန်းမာရေးလုပ်သားများ၊ သားဖွားဆရာမများ၊ အရန်သားဖွားဆရာမများ မွေးထုတ်ပေးနိုင်ရေး အားထုတ်ကြရပေမည်။

တစ်ဖက်မှလည်း ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးမြှင့်ဖြည့်ဆည်းပေးမှုများကို တွေ့မြင်နေရသည်။ တန့်ဆည်မြို့နယ် ကံထူးမစံပြကျေးရွာ တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲနှင့် အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲများကို ဇူလိုင် ၉ ရက်က ကျင်းပခဲ့သည်။ တိုက်နယ်ဆေးရုံ ဖွင့်လှစ်လိုက်သည့်အတွက် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးနိုင်လျက်ရှိသည်။

အလားတူ မြင်းမူမြို့နယ် ငွေးပင်တောကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲ၊ စစ်ကိုင်းမြို့ တကောင်းရပ်ကွက် ရွှေရိုင်တန်းကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲများကိုလည်း မကြာသေးမီက ကျင်းပနိုင်ခဲ့သည်။ ကျေးလက်နေပြည်သူများ ကျန်းမာရေး၊ ပညာရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနေခြင်းသည် ကျေးလက်ဒေသ လူမှုစီးပွားမြင့်မားရေးကို အထောက်အကူပြုနေခြင်းပင်ဖြစ်သည်။

ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များကို လက်တွေ့ကျကျဖော်ဆောင်နိုင်ရေး ကြိုးပမ်းနေကြပြီ။ လယ်ယာစိုက်ပျိုးရေး၊ အိမ်တွင်းစက်မှုလက်မှု၊ သမဝါယမ၊ ကျန်းမာရေး၊ ပညာရေးစသည့် ကဏ္ဍအလိုက် ဟန်ချက်ညီညီ ပေါင်းစည်းကြိုးပမ်းကြခြင်းဖြင့် ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာမည်ဖြစ်ပါသည်။ ။

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၁-၇-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၃၁၇၂	၀. ၀၃၂၉၈
တရုတ် (ယွမ်)	၆. ၄၆၈၃၀	၀. ၁၅၄၆၀
အိန္ဒိယ (ရူပီး)	၄၄. ၄၈၀၀	၀. ၀၂၂၄၈
မလေးရှား (ရင်းဂစ်)	၃. ၀၁၀၅၀	၀. ၃၃၂၁၇
စင်ကာပူ (ဒေါ်လာ)	၁. ၂၂၄၀၃	၀. ၈၁၆၉၇
ဂျပန် (ယန်း)	၈၀. ၄၂၀၇	၀. ၀၁၂၄၄
တောင်ကိုရီးယား(ဝမ်)	၁၀၅၇. ၈၁	၀. ၀၀၀၉၅
ယူရို	၀. ၇၁၁၃၃	၁. ၄၀၅၈၂
ဗြိတိသျှ (ပေါင်)	၀. ၆၂၆၅၉	၁. ၅၉၅၉၅

အင်တာနက်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ဇူလိုင် ၁၂ ရက်မှ ၂၅ ရက်အထိ ကျင်းပမည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာဆွေးနွေးပွဲသို့ အာဆီယံ သတင်းစာဆရာများ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ စာတည်းမှူးချုပ် ဦးသက်ဆွေခေါင်းဆောင်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအေးကြွယ်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးကိုကိုနိုင်နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးခိုင်မင်းကျော်တို့ပါဝင်သော အဖွဲ့အား ဇူလိုင် ၁၁ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သစ်တောဦးစီးဌာန ဦးစီးအရာရှိများ စွမ်းဆောင်ရည်မြင့်မားစေရေး မွမ်းမံသင်တန်းဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၁၁

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော သစ်တောဦးစီးဌာနအောက်ရှိ ဦးစီးအရာရှိများ စွမ်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ရေဆင်း သစ်တောသုတေသနဌာန စုဝေးခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဖွင့်လှစ်ပို့ချ

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာ၌ သစ်တောကဏ္ဍဆိုင်ရာလုပ်ငန်းများသာမက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးသူများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ရေး၊ သဘာဝသယံဇာတ အရင်းအမြစ်များ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းရေး၊ ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများ စနစ်တကျ မှန်ကန်စွာ လိုက်နာကျင့်သုံးဆောင်ရွက်နိုင်ရေး၊ တိုင်းပြည်အကျိုး၊ ဌာနအကျိုး၊ မိမိအကျိုး သယ်ပိုးဆောင်ရွက်နိုင်သော ဌာနဂုဏ်ဆောင် ဝန်ထမ်းကောင်းများ ဖြစ်လာစေရေးတို့အတွက် ရည်ရွယ်၍ ဤသင်တန်းကို ဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဦးစီးအရာရှိအဆင့် သင်တန်းသား ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ယနေ့မှ ဇူလိုင် ၂၆ ရက်အထိ ဖြစ်သည်။

(သတင်းစဉ်)

ထူးကဲဒီရေ သတိပေးချက်

နေပြည်တော် ဇူလိုင် ၁၁

ဇူလိုင် ၁၅ ရက်မှ ၁၈ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ခန့်မှ ၂၀ ဒသမ ၃ ပေ ခန့်အထိ ထူးကဲဒီရေ တက်ရောက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၀၉-၂၀၁၀ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၁ ဒသမ ၈ ပေခန့်အထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်၍သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေး အကြောင်းကြားထားသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၁၁)အကြိုလုပ်ငန်း ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇူလိုင် ၁၁

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၁၁) အကြိုလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ အဖွဲ့ချုပ်ရုံး ညီလာခံခန်းမ၌ ကျင်းပသည်။

အကြိုညှိနှိုင်းအစည်းအဝေးသို့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၁၁)ကျင်းပရေးကော်မတီ အတွင်းရေးမှူး တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ စစ်မှုထမ်းဟောင်း ညီလာခံကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**(အပေါ်ပုံ)**

အစည်းအဝေးတွင် အခမ်းအနားမှူးက ယနေ့ ကျင်းပသည့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၁၁) အကြိုလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့်ကိုယ်စားလှယ် ၃၃၈ ဦး ရှိသည့်အနက် ၃၃၈ ဦးစလုံး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၁၀၀ ရာခိုင်နှုန်း တက်ရောက်ကြသဖြင့် အစည်းအဝေးအထမြောက်ကြောင်း ကြေညာသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၁၁) ကျင်းပရေးကော်မတီအတွင်းရေးမှူး တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေက ညီလာခံဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၁၁)သို့ အလှူရှင်များဖြစ်ကြသော ဦးရုံးမူ (စိမ်းလင်းရတနာကုမ္ပဏီ)၊ ဦးတင်ထွန်းအောင် (လူငယ်အားမာန်ကုမ္ပဏီ)၊ မင်းဇာနည်ကုမ္ပဏီနှင့် အောင်ချမ်းသာကုမ္ပဏီတို့က အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ညီလာခံ(၂၀၁၁) ကျင်းပရေး အတွင်းရေးမှူးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ညီလာခံ(၂၀၁၁) အစည်းအဝေး အစီအစဉ်၊ စာတမ်း၊ မှတ်တမ်းနှင့် ဆုံးဖြတ်ချက်များပြုစုရေး ဆပ်ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးတင်ကိုကိုက တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး အကြိုညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံစာရင်းကောင်စီ ဒီပလိုမာစာရင်းကိုင်သင်တန်း(ပထမပိုင်း)အတွက် သင်တန်းသားများခေါ်ယူ

နေပြည်တော် ဇူလိုင် ၁၁

၂၀၁၂ ပညာသင်နှစ် ဒီပလိုမာစာရင်းကိုင်သင်တန်း(ပထမပိုင်း)ကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ရန်ကုန်မြို့ အလုံမြို့နယ် သခင်မြပန်းခြံလမ်းရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး(ရန်ကုန်)သင်တန်းကျောင်း၌ ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းကာလမှာ ပထမပိုင်း တစ်နှစ်၊ ဒုတိယပိုင်း တစ်နှစ်ဖြစ်သည်။

အဆိုပါ သင်တန်းသို့ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများ လျှောက်ထားနိုင်ပြီး သင်တန်းတက်လိုသူသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (ရန်ကုန်) သင်တန်းကျောင်း၌ သင်တန်းဝင်ခွင့်စာမေးပွဲကြေး ငွေကျပ် ၃၀၀၀ ပေးသွင်း၍ သတ်မှတ်ထားသည့် လျှောက်လွှာပုံစံနှင့်အတူ ဘွဲ့လက်မှတ်(မူရင်းနှင့်မိတ္တူ)၊ လိုင်စင်ဓာတ်ပုံသုံးပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ)တို့ကိုပူးတွဲလျက် ဇူလိုင် ၁၈ ရက်မှ ဩဂုတ် ၂၆ ရက်အထိ ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက် လျှောက်လွှာတင်သွင်းရမည်ဖြစ်သည်။ သတ်မှတ်ရက်လွန်ပြီးမှ တင်သွင်းလာသည့် လျှောက်လွှာများကို လက်ခံမည်မဟုတ်ကြောင်း၊ လိုအပ်ချက်မပြည့်စုံသည့် လျှောက်လွှာရှင်များကို သင်တန်းဝင်ခွင့်စာမေးပွဲ ဖြေဆိုခွင့်ပြုမည်မဟုတ်ကြောင်းနှင့် သင်တန်းဝင်ခွင့်စာမေးပွဲကို စက်တင်ဘာ ၁၈ ရက်တွင် ကျင်းပမည်ဖြစ်ပြီး သင်တန်းတက်ခွင့်ရသူများစာရင်းကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁ ရက်မတိုင်မီ ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာရင်းကောင်စီက ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဇူလိုင် ၁၁

ယနေ့နံနက် ၅ နာရီ ၄၆ မိနစ်တွင် မန္တလေး မြေငလျင်စခန်းမှ အနောက်-အနောက်တောင်ဘက် မိုင် ၁၄၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဆောမြို့၏ အနောက်တောင်ဘက် ၁၀ မိုင်ခန့်အကွာ) လောင်းရှည်ရွာအနီးကို ဗဟိုပြု၍အင်အားရစ်ချ်တာစကေး ၄ ဒသမ ၃ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအနေဖြင့်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် လုပ်ငန်း(၈)ရပ် ချမှတ်ဆောင်ရွက်နေမှုများကို နှစ်ဖက်အမြင်ချင်းဖလှယ်ဆွေးနွေး

○ ရှေ့ဖုံးမှ

ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Nilahath Sayarath နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် အဆွေတော်ဝန်ကြီးချုပ်နှင့် လာအိုချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား မြန်မာအစိုးရနှင့် ပြည်သူများကိုယ်စား နွေးထွေးလှိုက်လှဲစွာ ကြိုဆိုပါကြောင်း၊ လာအိုဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ပြီးနောက်ပိုင်း မြန်မာနိုင်ငံသို့ ပထမဦးဆုံးအကြိမ် ချစ်ကြည်ရေးခရီး လာရောက်ခြင်းဖြစ်သည့်အတွက် ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း၊ မိမိ နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူပြီးသည့်အချိန်မှစ၍ အဆွေတော်သည် ပထမဦးဆုံး မြန်မာနိုင်ငံသို့ လာရောက်သည့် ဝန်ကြီးချုပ်ဖြစ်၍ ဝမ်းသာမိပါကြောင်း၊ ပြီးခဲ့သည့် မေလအတွင်းက ဂျကာတာမြို့တွင် ပြုလုပ်ခဲ့သည့် (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ် အဆွေတော်နှင့် တွေ့ဆုံဆွေးနွေးခွင့်ရရှိခဲ့ပြီး ယခုကဲ့သို့ ထပ်မံတွေ့ဆုံဆွေးနွေးခွင့်ရရှိသည်ကို အထူးဝမ်းသာမိပါကြောင်း၊ အဆွေတော်၏ ခရီးစဉ်သည် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်ခိုင်မြဲစေရန် တွန်းအားပေးသွားမည်ဟု ယုံကြည်ပါကြောင်း၊ လာအိုနိုင်ငံတွင် မကြာမီက ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ပြီး အစိုးရသစ် ဖွဲ့စည်းနိုင်ခဲ့ခြင်းအတွက် လာအိုအစိုးရနှင့် ပြည်သူများအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော်အား လာအိုနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ထပ်မံခန့်အပ်ခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ လာအိုနိုင်ငံတွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအား အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အတွက် ဂုဏ်ယူပါကြောင်း၊ အဆွေတော်နှင့် လာအိုချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအားလုံး မြန်မာနိုင်ငံတွင် နေထိုင်စဉ် အဆင်ပြေစေရန်နှင့် ပျော်ရွှင်ချမ်းမြေ့ပါစေရန် ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ဧည့်သည်တော် လာအိုဝန်ကြီးချုပ်က ပြန်လည်ပြောကြားရာတွင် မိမိအနေဖြင့် ယခုကဲ့သို့ လာအို အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်၍ မြန်မာနိုင်ငံသို့ တရားဝင် ချစ်ကြည်ရေးခရီး လာရောက်ခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မိမိနှင့် ကိုယ်စားလှယ်အဖွဲ့ကို နွေးထွေးစွာ ကြိုဆိုခဲ့မှုများအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၁၀ ခုနှစ် နိုဝင်ဘာလအတွင်းက အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး အစိုးရသစ် ဖွဲ့စည်းနိုင်ခဲ့သည့်အတွက် အဆွေတော်နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့တို့အား လာအိုနိုင်ငံအစိုးရက ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရသစ်အနေဖြင့် မြန်မာပြည်သူများအတွက် လက်ဆုပ်လက်ကိုင်ပြနိုင်သည့် အကျိုးရလဒ်များကို ဖော်ဆောင်နိုင်ပြီး ကမ္ဘာတစ်ဝန်းနှင့် ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးတို့တွင် ပိုမိုအထောက်အကူပြုလာနိုင်မည်ဟု အခိုင်အမာ ယုံကြည်ပါကြောင်း၊ ၂၀၁၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကျင်းပမည့် (၄)ကြိမ်မြောက် မဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေး၊ ၂၀၁၃ ခုနှစ်တွင် ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် ၂၀၁၄ ခုနှစ်တွင် ကျင်းပမည့် (၂၄)ကြိမ်မြောက်နှင့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေးအတွက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအနေဖြင့် အပြည့်အဝထောက်ခံပါကြောင်း၊ လာအိုနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ် နိုဝင်ဘာလကုန်ပိုင်းတွင် အာရှ - ဥရောပထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်၍ အဆွေတော်သမ္မတကိုလည်း ယင်းထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားလိုပါကြောင်း၊ နှစ်နိုင်ငံအကြား ကောင်းမွန်သော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုများသည် မိမိတို့နှစ်နိုင်ငံအတွက် လက်ဆုပ်လက်ကိုင်ပြနိုင်သော အကျိုးရလဒ်များကို ဖြစ်ပေါ်စေသည်သာမက ကမ္ဘာတစ်ဝန်းနှင့် ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးတို့တွင် ပိုမိုအထောက်အကူပြုလာနိုင်စေမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့အပြင် နိုင်ငံတော်သမ္မတနှင့် လာအိုဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံစလုံး၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို အပြန်အလှန် အသိပေးခဲ့ကြပြီး နှစ်နိုင်ငံဆက်ဆံရေး၊ မဲခေါင်မြစ်ကြောင်းတစ်လျှောက် လုံခြုံရေးပူးပေါင်းဆောင်ရွက်ရန်ကိစ္စ၊ နယ်စပ်ဒေသလုံခြုံရေးနှင့် အေးချမ်းတည်ငြိမ် ဖွံ့ဖြိုးရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရေးအတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားရန်ကိစ္စ၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု၊ သာသနာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု၊ ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံတကာနှင့် ဒေသတွင်းကိစ္စရပ်များတွင် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်မှုများနှင့် နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု တိုးတက်စေရန် နည်းလမ်းများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့အတူ လာအိုနိုင်ငံအနေဖြင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ ၂၀၁၅ ခုနှစ် ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်နှင့်အညီ အောင်မြင်မှုရရှိစေရန်နှင့် ၂၀၂၀ ခုနှစ်တွင် စက်မှုထွန်းကားသည့် နိုင်ငံအဖြစ် ရောက်ရှိစေရန် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် လုပ်ငန်း(၈)ရပ် ချမှတ်ဆောင်ရွက်နေမှုများကိုလည်းကောင်း နှစ်ဖက်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

စစ်ကိုင်းမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ ဆေးပဒေသာပင်နှင့် လှူနာတင်ယာဉ်လှူဒါန်းခြင်းနှင့် ဇေယျာရတနာငွေစုငွေချေးအသင်းဖွင့်ပွဲ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် တက်ရောက်

နေပြည်တော် ဇူလိုင် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ ဆေးပဒေသာပင်နှင့် လှူနာတင်ယာဉ် ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ဇူလိုင် ၉ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် အဆိုပါ ပြည်သူ့ဆေးရုံကြီးခန်းမဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ ဆေးပဒေသာပင်အတွက် အလှူငွေနှင့် လှူနာတင်ယာဉ် ပေးအပ်လှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့် ဇနီး ဒေါ်ဝင်းဝင်းနု မိသားစုတို့က ဆေးပဒေသာပင် အလှူငွေနှင့် လှူနာတင်ယာဉ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ဆေးရုံအုပ်ကြီးထံ လွှဲပြောင်းပေးအပ် လှူဒါန်းကြသည်။

ဆက်လက်၍ အလှူရှင်များက ပြည်သူ့ဆေးရုံကြီးအတွက် အလှူငွေများကို ဆေးရုံအုပ်ကြီးထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဇေယျာရတနာငွေစုငွေချေးအသင်း ဖွင့်ပွဲအခမ်းအနားကို မွန်းလွဲ ၁ နာရီခွဲတွင် စစ်ကိုင်းမြို့ ဇေယျာရတနာ ခန်းမဆောင်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ဇေယျာရတနာ ငွေစုငွေချေးအသင်း ထူထောင်ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အလှူရှင်များက ပေးအပ်လှူဒါန်းသော မတည်ငွေစုစုပေါင်း ငွေကျပ် ၁၀၆၅ သိန်းကို လက်ခံပြီး ဇေယျာရတနာ ငွေစုငွေချေးအသင်း ဥက္ကဋ္ဌ ဦးသိုက်ထွန်းထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဇေယျာရတနာ ငွေစုငွေချေးအသင်းက တောင်သူလယ်သမားများ၊ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းရှင်များ၊ အိမ်ဆိုင်၊ စတိုးဆိုင်များနှင့် အခြေခံလူတန်းစား ပြည်သူများအား စတင်၍ ငွေထုတ်ချေးပေးနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းနု မိသားစုတို့ကစစ်ကိုင်းမြို့ရှိ ခုတင် (၂၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ ဆေးပဒေသာပင် အလှူငွေနှင့် လူနာတင်ယာဉ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်း များကို ဆေးရုံ အုပ်ကြီးထံ လွှဲပြောင်းပေးအပ်စဉ်။

(သတင်းစဉ်)

ခရီးသွားလုပ်ငန်းပညာ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၁

WISE International School For Executives (ABE Accredited College, UK) မှ ကြီးမှူး၍ ဇူလိုင် ၁၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် ရွှေဂုံတိုင်လမ်းဆုံရှိ ယုဇနတာဝါ (၁၀)လွှာ အခန်းအမှတ်(၁၀၀၉)၌ ခရီးသွားလုပ်ငန်းပညာနှင့် ပတ်သက်သော အခြေခံအသိပညာဗဟုသုတများ တိုးပွားစေရန်ရည်ရွယ်ချက်ဖြင့် ခရီးသွားလုပ်ငန်းပညာ ပေါ်ပေါက်လာရသည့် သမိုင်းကြောင်းကို ဆရာမ ဒေါ်သီတာဟန်က ဟောပြောဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို ဖုန်း-၀၁-၅၅၆၁၈၃၊ ၀၉-၅၁၅၇၀၃၂ နှင့် ၀၉-၇၃၀၁၅၉၅၉ တို့သို့ ဆက်သွယ်စာရင်းပေး၍ အခမဲ့ တက်ရောက်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မြောက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၁၁

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၅	၂၅	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
၂	ကယားပြည်နယ်	၂၇	၂၁	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၃	ကရင်ပြည်နယ်	၂၉	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၄	ချင်းပြည်နယ်	၂၆	၁၃	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၃၅	၂၆	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၄၀	၂၇	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၆	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီး နေရာကွက်၍မိုးကြီး	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၂	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၇	၂၆	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၉	၂၇	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၁၁	မွန်ပြည်နယ်	၂၇	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာပြီး နေရာကွက်၍မိုးကြီး	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၂	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
၁၃	ရခိုင်ပြည်နယ်	၃၂	၂၇	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၄	၁၈	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၄	၂၁	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၁	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၁	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၂	၂၄	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၂	၂၄	မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်း	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၉	၂၇	နေရာကွက်ကျားမိုးထစ်ချုန်း	၆၀%

ယနေ့နံနက် ၉ နာရီခွဲ အထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် မကွေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော် (ပို့ဆောင်ရေးဝန်ကြီးရုံး)တွင် ၂ ဒသမ ၆၇ လက်မ၊ ချောင်းဆုံမြို့တွင် ၃ ဒသမ ၈၂ လက်မ၊ သိမ်ဖြူမြို့တွင် ၃ ဒသမ ၀၃ လက်မ၊ တောင်ကြီးမြို့တွင် ၂ ဒသမ ၇၅ လက်မ၊ ရေးမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ ကျိုက္ကမီမြို့တွင် ၂ ဒသမ ၄၄ လက်မ၊ ကျိုက္ခမီမြို့တွင် ၂ ဒသမ ၂၈ လက်မ၊ ပေါက်မြို့တွင် ၂ ဒသမ ၂၄ လက်မ၊ လားရှိုးမြို့တွင် ၂ ဒသမ ၀၈ လက်မ၊ မုဒုံမြို့တွင် ၂ ဒသမ ၀၅ လက်မ၊ မိတ္ထီလာမြို့နှင့် ညောင်လေးပင်မြို့တို့တွင် ၂ ဒသမ ၀၁ လက်မစီတို့ ဖြစ်ကြသည်။
ဘင်္ဂလားပင်လယ်အော်အခြေအန	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၁

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်သည် နေပြည်တော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်နှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်း၊ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ဧည့်သည်တော် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Nilahath Sayarath လည်း တက်ရောက်သည်။

(သတင်းစဉ်)

လာရောက်တွေ့ဆုံ

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေး ဒုတိယဝန်ကြီး Maj.Gen. Chansamone CHANYALATH လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေး ဒုတိယဝန်ကြီးလာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၁

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေး ဒုတိယဝန်ကြီး Maj. Gen . Chansamone CHANYALATH သည် ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်သော် တက်ရောက်သည်။

(သတင်းစဉ်)

သမဝါယမဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်မှု ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၁

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H . E . Mr. Yaron Mayer သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး သမဝါယမ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် သမဝါယမ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

(သတင်းစဉ်)

သမဝါယမ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E.Mr.Yaron Mayer လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ ကိုယ်စားလှယ်များ နေပြည်တော်ကောင်စီနယ်မြေအတွင်း လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော် ဇူလိုင် ၁၁

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၁၁)သို့ တက်ရောက်နေကြသည့် တိုင်းဒေသကြီး/ပြည်နယ်များမှ ညီလာခံ ကိုယ်စားလှယ်များသည် ယနေ့ မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါလျက် နေပြည်တော်ရှိ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (National Land-mark)၊ ဆာဖာရီဥယျာဉ် (နေပြည်တော်) နှင့် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) တို့သို့ သွားရောက် ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ညနေပိုင်းတွင် ညီလာခံ ကိုယ်စားလှယ်များသည် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုခဲ့ကြသည်။

(သတင်းစဉ်)

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၁

ဝါဏိဇ္ဇဘဲ့ရများအသင်း (မြန်မာနိုင်ငံ) မှ ကြီးမှူး၍ ဦးတင်အောင် (အငြိမ်းစား ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များ ဦးစီးဌာန) က ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အလုပ်ရုံဆွေးနွေးပွဲကို အမှတ်(၁၈၀) (၆)လွှာ A ဗိုလ်တထောင်ဘုရားလမ်း ပုဇွန်တောင်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ်သိရှိလိုပါက ရုံးဖုန်း-၂၉၁၆၆၇၊ အသင်းအတွင်းရေးမှူး ဦးမိုးကျော် ဖုန်း-၀၉-၅၁၅၄၅၇၄၊ တွဲဖက်ပြန်ကြားရေးမှူး ဦးကျော်ထွန်းအောင် ဖုန်း-၀၉-၅၀၈၁၃၄၆၊ တွဲဖက်စာရင်းစစ် ဒေါ်ခိုင်ရည်မွန် ဖုန်း-၀၉-၄၉၂၁၄၅၉၁နှင့် အလုပ်အမှုဆောင် ဒေါ်စမ်းစမ်းမြင့်စံ ဖုန်း-၀၉-၇၃၀၈၀၂၆၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ကြော်ငြာဆိုင်းဘုတ်များ အခွန်ပေးဆောင်မှု စစ်ဆေး

မော်လမြိုင်ကျွန်း ဇူလိုင် ၁၁

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် မြို့တွင်းရှိ စီးပွားရေးကြော်ငြာဆိုင်းဘုတ်ခွန်များ ပေးဆောင်နိုင်ရေးနှင့် အခွန်ပေးဆောင်ပြီး ကြော်ငြာဆိုင်းဘုတ်များတွင် အခွန်ပေးဆောင်ပြီးကြောင်း အမှတ်တံဆိပ် ရှိ၊ မရှိ အား ဒုတိယဦးစီးမှူး(အခွန်)နှင့် ဝန်ထမ်းများက ဇူလိုင် ၃ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။ (ကြေးမုံ)

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၁

ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ ညနေ ၄ နာရီတွင် အဆိုပါ ကျောင်းဝင်းအတွင်း၌ ကျင်းပရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) တာဝန်ခံပါမောက္ခချုပ် ဦးကျော်ဦးနှင့် ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း အင်အား ၄၀၀ ခန့် တက်ရောက်စိုက်ပျိုးကြသည်။

အဆိုပါ အခမ်းအနားတွင် ရတနာတန်းဝင် ကျွန်းပင် ၁၀၀၀၊ ကုက္ကိုပင် ၁၀၀၀၊ စိန်တလုံးသရက်ပင် ၁၀၀၊ စွယ်တော်ပင် ၅၀၀၊ ကံ့ကော်ပင် ၂၀၀ စုစုပေါင်းအပင် ၂၈၀၀ကို စိုက်ပျိုးပေးခဲ့ကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နေပြည်တော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ အစည်းအဝေးဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၊ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၊ ပြည်သူ့ လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်သူ့လွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတို့မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် လာအိုပြည်သူ့ဒီမို

လက်ခံတွေ့ဆုံ

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင် ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ အစည်းအဝေးဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင် ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Nilahath Sayarath လည်း တက်ရောက်သည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား လာအိုနိုင်ငံ စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးနှင့် အစ္စရေးနိုင်ငံသံအမတ်ကြီးတို့ သီးခြားစီတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H. E. Dr. Nam Viyaketh သည် ယနေ့ မွန်းတည့် ၁၂ နာရီတွင်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H. E. Mr. Yaron Mayer နှင့် မြန်မာ-အစ္စရေး စီးပွားရေးအသင်းဥက္ကဋ္ဌ Mr. Doron Landau တို့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမသို့လာရောက်၍ သီးခြားစီ တွေ့ဆုံပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အလားအလာများကို ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်း(၈)ရပ် အကောင်အထည်ဖော်ရေး တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း မြိုင်မြို့၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်း(၈)ရပ် အကောင်အထည်ဖော်ရေး ဆွေးနွေးပွဲသို့ တက်ရောက်

နေပြည်တော် ဇူလိုင် ၁၁

မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်း(၈)ရပ် အကောင်အထည်ဖော်ရေး တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၉ ရက်တွင် မြိုင်မြို့ နံ့သာမြိုင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်တင်က မြိုင်မြို့နယ်အတွင်း လုပ်ငန်း(၈)ရပ်ကို စတင်ဆောင်ရွက်ရာတွင် ပထမဦးစွာ လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် ဆောင်ရွက်လိုပါကြောင်း၊ ယင်းသို့ ဆောင်ရွက်နိုင်ရေးအတွက် လယ်သမားများအား စိုက်ပျိုးရာတွင် အထွက်နှုန်းတိုးရန် သွင်းအားစုများအတွက် ငွေကြေးအထောက်အပံ့ လိုအပ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက အမှာစကား ပြောကြားရာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လုပ်ငန်း(၈)ရပ်ကို အကောင်အထည်ဖော်ရာတွင် ပြည်ထောင်စုဝန်ကြီးများက ဦးဆောင်၍ ဆပ်ကော်မတီများ ဖွဲ့စည်းပြီး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်း(၈)ရပ် စတင် အကောင်အထည်ဖော်နိုင်ရေးအတွက် လာရောက်ဆွေးနွေးညှိနှိုင်းခြင်းဖြစ်ကြောင်း၊ တောင်သူလယ်သမားများ အနေဖြင့် အထွက်နှုန်းတိုးရန် သွင်းအားစုများအတွက် ငွေကြေးချေးငှား ထောက်ပံ့နိုင်ရေးသည် ဦးစွာဆောင်ရွက်ရမည့် လုပ်ငန်းဟု ယူဆကြောင်း၊ ယင်းအတွက် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွဲ့စည်းရမည်ဖြစ်ကြောင်း၊ ငွေကြေးအရင်းအနှီးအတွက် ဤကဏ္ဍတွင် လူမှုရေးအသိစိတ်ဓာတ်ဖြင့် ဆောင်ရွက်လိုကြသည့် ကုမ္ပဏီများအား စည်းရုံးဆောင်ရွက်ပြီးဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် အသေးစား ပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းမှ ချေးငွေရယူကြမည့် ကျေးရွာအုပ်စု ကိုးအုပ်စုမှ ကျေးရွာအုပ်ချုပ်ရေးမှူးများက မြို့နယ်ကော်မတီ၏ စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ပြီး အထွက်နှုန်းတိုးအောင် ဆောင်ရွက်၍ ချေးငွေများကို အပြည့်အဝပြန်လည်ပေးဆပ်ရန် တာဝန်ယူ ဆောင်ရွက်ကြမည်ဖြစ်ကြောင်းဖြင့် တင်ပြကြပြီး ကျေးရွာအုပ်စု ကိုးအုပ်စုသို့ စပါးစိုက်ဧကအလိုက် ချေးငွေများကို ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြိုင်မြို့နယ် မုံညင်းကျေးရွာအုပ်စု၌ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) အဆင့်မှ အခြေခံပညာ အလယ်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံ၍ ပညာရေး ရန်ပုံငွေအတွက် အလှူငွေများ ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

လာရောက်တွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Nam Viyaketh လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ငါးရစ်တစ်ကောင် သုံးလရှောင် ထောင်သောင်းတိုးပွား ရေရှည်စား

မြန်မာ့ရုပ်ရှင်လုပ်ငန်း (၄၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၁၁

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ (၄၁)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီး ဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ၊ အကြံပေးပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များ၊ ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေးအဖွဲ့ဝင်များ၊ ရုပ်ရှင်၊ ဗီဒီယိုနှင့် ရုပ်မြင်သံကြား ထုတ်လွှင့်မှု လုပ်ငန်းရှင်များ၊ ရုပ်ရှင်နှင့် ဗီဒီယို အနုပညာရှင်၊ အတတ်ပညာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၀-၂၀၁၁ ခုနှစ်အတွက် နိုင်ငံတော်က ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်းဆုတံဆိပ် ရရှိကြသော မြန်မာ့ရုပ်ရှင်လုပ်ငန်း ဇာတ်လမ်းရုပ်ရှင်ရုံးခွဲမှ ဌာနခွဲမှူး(တာဝန်ခံ/ထုတ်လုပ်) ဦးဇော်မင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းရုံးချုပ်မှ စာရင်းကိုင်(၁) ဒေါ်ဖြူဖြူဝင်း၊ ရန်ကုန်ရုံးခွဲမှ စာရင်းကိုင်(၁) ဒေါ်ခိုင်ဝင်းနွယ်၊ ဗီဒီယိုဆင်ဆာအဖွဲ့မှ ဌာနခွဲစာရေး ဒေါ်ကြည်ကြည်မြင့်၊ အောက်မြန်မာနိုင်ငံရုံးခွဲမှ ဌာနခွဲစာရေး ဒေါ်ရီရီဝင်း၊ အောက်မြန်မာနိုင်ငံရုံးခွဲမှ ဌာနခွဲစာရေး ဒေါ်သိန်းညွန့်၊ ပုသိမ် ပြသမှုဌာနစုမှ လက်ထောက်ကြီးကြပ်ရေးမှူး (အစီအစဉ်) ဦးစောပြည်စိုးနှင့် ဟားခါးပြသမှုဌာနစုမှ လက်ထောက်ကြီးကြပ်ရေးမှူး (အစီအစဉ်) ဦးဟန်ခန်းဒါးလ်တို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က ဗဟိုဝန်ထမ်းတက္ကသိုလ်၌ ဖွင့်လှစ်သည့် အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁၅)နှင့် စာရေးဝန်ထမ်း အခြေခံသင်တန်းအမှတ်စဉ်(၃၀) တို့၌ သင်တန်းသား ပထမဆုရရှိသူ အရာထမ်း၊ အမှုထမ်းနှစ်ဦးနှင့် ၂၀၁၀-၂၀၁၁ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ထက်ကျော်လွန်၍ ဘဏ္ဍာငွေအများဆုံး ရှာဖွေခဲ့ကြသော ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီရုံး၊ ဗီဒီယိုဆင်ဆာအဖွဲ့နှင့် ရန်ကုန်ရုံးခွဲတို့မှ တာဝန်ရှိသူများအား လည်းကောင်း၊ ၂၀၁၀-၂၀၁၁ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ထက်ကျော်လွန်၍ ဘဏ္ဍာငွေအများဆုံး ရှာဖွေခဲ့ကြသော ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီရုံး၊ မန္တလေးတိုင်းဒေသကြီး မန္တလေးလုပ်ငန်းစုရုံးနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်လုပ်ငန်းစုရုံးတို့မှ တာဝန်ရှိသူများအားလည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးရဲထွဋ်က စိုက်ပျိုးရေး အကောင်းဆုံး ဆောင်ရွက်နိုင်သည့် ဝန်ထမ်းအိမ်ရာ တာဝန်ခံ သုံးဦးတို့အား ဂုဏ်ပြုဆုများနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ (၄၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဝန်ထမ်း များအား တူညီဝတ်စုံများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မြန်မာ့ရုပ်ရှင်လုပ်ငန်း (၄၁) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်ရှင် လုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့် ဗဟို ဝန်ထမ်း တက္ကသိုလ် ၌ ဖွင့် လှစ် သည့် အလယ်အလတ် အဆင့် အရာ ထမ်း စီမံခန့်ခွဲမှု သင် တန်း အမှတ်စဉ် (၁၅) ၌ သင်တန်းသား ပထမဆု ရရှိ သူ အရာထမ်းတစ်ဦး အား ဆုပေးအပ် ချီးမြှင့်စဉ်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား အစ္စရေးသံအမတ်ကြီးနှင့် လူမှုရေးအဖွဲ့အစည်းမှ ဧည့်အဖွဲ့များ သီးခြားစီ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၁

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာဖေသက်ခင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာအစ္စရေးနိုင်ငံသံအမတ်ကြီး H. E. Mr. Yaron Mayer နှင့် အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီခွဲတွင်လည်းကောင်း၊ လူမှုရေးအဖွဲ့အစည်းဖြစ်သည့် World Vision Myanmar မှ National Director Mr. Christopher P. Herink နှင့် အဖွဲ့သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တွင်လည်းကောင်း နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြသည်။

အစ္စရေးနိုင်ငံသံအမတ်ကြီးနှင့် တွေ့ဆုံရာ၌ ကျေးလက်ဒေသ ကျန်းမာရေး စောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များ၊ မိခင်ကလေးကျန်းမာရေး ထောင်စုနှစ် ကျန်းမာရေးဆိုင်ရာ ရည်မှန်းချက်ပြည့်မီရေး ဆောင်ရွက်မှုများနှင့် ဆေးကုသမှုဆိုင်ရာ အာမခံချက် လုပ်ငန်းကိစ္စရပ်များ၊ ယာဉ်အန္တရာယ်နှင့် ထိခိုက်ဒဏ်ရာ တားဆီးကာကွယ်ရေးနှင့် ကုသမှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

World Vision Myanmar အဖွဲ့နှင့် တွေ့ဆုံရာ၌ ကျေးလက်ဒေသ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် မိခင်ကလေး ကျန်းမာရေးကိစ္စရပ်များ၊ ကာကွယ်ဆေးထိုးလုပ်ငန်းကိစ္စရပ်များ၊ စေတနာ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် ကူညီပံ့ပိုးမှုဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ကျန်းမာရေးဦးစီးဌာနနှင့် ဆေးသိပ္ပံပညာဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာဖေသက်ခင်အား လူမှုရေးအဖွဲ့အစည်းဖြစ်သည့် World Vision Myanmar မှ National Director Mr.Christopher P. Herink နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၂-၇-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၄	၁။	နိုင်ငံတော်သီချင်း
၇း၀၅	၂။	တရားတော်
၇း၁၅	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာ့ရှုခင်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၄	၁။	နိုင်ငံတော်သီချင်း
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၁၅	၄။	မျိုးချစ်တပ်မတော်
၄း၂၀	၅။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄း၂၅	၆။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅	၇။	လျှပ်တစ်ပြက်
၄း၅၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၅း၀၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၀။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် အပိုင်း (၁၈)**
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၁၅	၁၃။	ဘောလုံးဟာသနှင့် ဂန္ထဝင်ဂိုး (၅၀၀)
၆း၂၅	၁၄။	အောင်မြင်ခြင်းလမ်းမ
၇း၀၀	၁၅။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဘဝရဲ့တမ်းတခြင်း (အပိုင်း-၃)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	ဒို့တာဝန်အရေး(၃)ပါး
	၁၉။	နိုင်ငံတကာသတင်း
	၂၀။	မိုးလေဝသသတင်း
	၂၁။	မွေးမြူသုတ
	၂၂။	ဟာသရုပ်စုံ
	၂၃။	သီချင်းလက်ဆောင်
	၂၄။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၅။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အချစ်တို့တည်ရာ (အပိုင်း-၃၄)**
	၂၆။	Mini Series

ရွှေကျင်၌ မြို့အဝင်လမ်းဘေး ရေမြောင်းတူးဖော်

ရွှေကျင် ဇူလိုင် ၁၁

ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့အဝင် မင်းလမ်းဘေး ဝဲ/ယာ ရေမြောင်း တူးဖော်နေမှုကို အမှုဆောင်အရာရှိ ဦးဝင်းလှိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမြင့်ဇော်ဝင်းတို့က ကြီးကြပ် ဆောင်ရွက်ခဲ့သည်။ (မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၇-၂၀၁၁ (အင်္ဂါနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"ပူပန်မှုမှလွတ်ကင်းခြင်း" တရားတော် (ဘဒ္ဒန္တကုန္ဒာဝုဓာဘိဝံသ) (ထူးကြီးဆရာတော်)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၆၂)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၄)**
၈း၅၀	မိုးစက်ချစ်သူကျောင်းပေါင်းစုံ ကလေးသီချင်းဆိုပြိုင်ပွဲ
၉း၀၅	ပါမောက္ခခင်မောင်ဝင်း(အသည်း) ရှင်းလင်းတင်ပြသော အသည်း ခြောက်ရောဂါ (အပိုင်း-၃)
၉း၂၀	မျိုးဂုဏ်မြင့်စေမည့် မြန်မာ့ပန်းယွန်းပညာ
၉း၃၅	Cartoon Show Time
၁၀း၁၅	ဒေင်၏ရေကုထုံး
၁၀း၂၅	ရန်ကုန်မြင်ကွင်းကျယ်
၁၀း၄၅	Celebrity Style
၁၁း၁၀	ခြေလှမ်းသစ်
၁၁း၃၀	Activities in The City
၁၁း၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၀	သင်ကြားရေးလမ်းညွှန်
၁၂း၂၅	မြို့ရွှေမန္တလေးမှ မျိုးသိန်း အီလက်ထရွန်နစ်၏ LCD/LED repair training session
၁၂း၄၀	ရန်ကုန်မြင်ကွင်းကျယ်
၁း၀၀	"ပူပန်မှုမှလွတ်ကင်းခြင်း" တရားတော် (ဘဒ္ဒန္တကုန္ဒာဝုဓာဘိဝံသ) (ထူးကြီးဆရာတော်)
၂း၀၀	MRTV-4 သတင်း
၂း၂၀	ဂီတသမားတို့ရဲ့ရင်ခုန်သံများ
၂း၅၅	Sun Moon Space Travels & Tours Co.,Ltd. မြန်မာပြည်အနှံ့ ခရီးသွားလုပ်ငန်းဖွင့်ပွဲ
၃း၀၅	သန့်စွာကိုင်လေစက္ကူငွေ
၃း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၆၂)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၄)**
၄း၅၅	ကျစ်လျစ်ခန့်ညားစေမှာ Slim Men Centre
၅း၁၀	The Champion of Dance
၅း၅၀	ပိုးလေးဖက်နာရောဂါနှင့် သွေးလေးဖက်နာရောဂါ
၆း၀၀	MRTV-4 သတင်း
၆း၂၀	ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၆၃)**
၇း၂၅	Celebrity Choice
၈း၀၀	MRTV-4 သတင်း
၈း၃၀	MRTV-4 ကျန်းမာရေးကဏ္ဍ
၉း၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၅)**
၁၀း၂၅	အနုပညာမိုးကောင်းကင်
၁၀း၄၅	နွေးထွေးသောမေတ္တာအိမ်ကလေး (ခိုင်ခန့်၊ အောင်ခိုင်၊ ဝါဝါအောင်) [ဒါရိုက်တာ-ဝင်းမောင်ရွှေ(Art)]
၁၁း၀၅	စာအုပ်ပြခန်း
၁၁း၃၅	လုံခြုံစိတ်ချမိခင်ဘဝ (ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်)
၁၂း၀၀	World of Knowledge
၁၂း၄၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ
၁း၀၀	ဘဝများ
၁း၂၅	ကြိုတင်အားဖြည့်ကွန်ကရစ် ဇလီဖားစက်ရုံ (ဥသျှစ်ပင်)
၁း၃၅	နှယဉ်ဆန်းထွင်ပန်းအလှဆင်
၂း၀၅	လူနေမှုဘဝအလှထဲက မြန်မာ့သနပ်ခါး. . .
၂း၂၅	မောတို့ဌာနေရှမ်းတို့မြေမှ တောင်ကြီးမြို့နှင့် ရိုးရာမင်္ဂလာ
၂း၄၅	ရွှေဖြစ်မည့်ရတနာအစစ်. . .
၂း၅၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၃း၅၅	သာယာလှပ တောင်ပေါ်ညောင်ရွှေမှ စမ်းသပ်အောင်မြင် ပုစွန်ကန်ရေပြင်
၄း၁၅	ရွှေမင်းသား(သို့မဟုတ်) နှလုံးသားထက်မြက်သူ
၄း၃၅	စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မဟာစည်သာသနာ့ရိပ်သာ
၄း၄၅	အံ့ဖွယ်ထူးခြားဖြစ်စဉ်များနှင့် ဖူးမဝတဲ့ဆံတော်ရှင်ဦးဇိနစေတီ
၅း၀၀	အစီအစဉ်ပြီး။

မြန်မာနိုင်ငံ၏ လူဦးရေ လေးပုံတစ်ပုံခန့်သည် လူငယ်များဖြစ်ကြပြီး နိုင်ငံ၏အင်အား၊ အဖိုးတန်ဆုံးရတနာအဖြစ်ခံယူ နိုင်ငံတော်အနေဖြင့် လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးပေး ဆောင်ရွက်နေ

အမှာစကားပြောကြား

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၁

ကမ္ဘာ့လူဦးရေနေ့ (World Population Day) အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်ကျင်းပရေး ဦးစီးကော်မတီဝင်များ၊ အကဲဖြတ်အဖွဲ့ဝင်များ၊ ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့နိုင်ငံအသီးသီးသည် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားများကို လူဦးရေဆိုင်ရာ ပြဿနာများနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ ဆက်နွယ်မှုကို ပြည်သူလူထုအတွင်း ပိုမိုသဘောပေါက်နားလည်လာစေရန်ဟူသည့် ဦးတည်ချက်ဖြင့် နှစ်စဉ် ဇူလိုင် ၁၁ ရက်တွင် ကျင်းပလျက်ရှိကြပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုနှစ်ဆိုလျှင် (၂၂)ကြိမ်မြောက် ရှိခဲ့ပြီဖြစ်ပါကြောင်း၊ ဤသည်မှာ ကုလသမဂ္ဂအဖွဲ့ကြီး၏ ရည်မှန်းချက်၊ ဦးတည်ချက်နှင့် လုပ်ငန်းစဉ်များအပေါ် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံပီပီ အလေးထားပါဝင်ဆောင်ရွက်နေမှုကို ပေါ်လွင်စေလျက်ရှိပါကြောင်း။

ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ် စား လှယ် Mr.Mohamed S.Abdel-Ahad ၂၀၁၁ ခုနှစ် ကမ္ဘာ့ လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲတွင် ဆုရရှိသူအား ဆုပေးအပ်စဉ်။

(သတင်းစဉ်)

ယခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် ကမ္ဘာ့လူဦးရေ သန်း ၇၀၀၀ ရှိလာတော့မည်ဖြစ်သည့်အတွက် ယခုနှစ် ကမ္ဘာ့လူဦးရေနေ့ကို ကမ္ဘာ့လူဦးရေသန်း ၇၀၀၀ သို့ ရောက်ရှိခြင်း အထိမ်းအမှတ်အတွက် လှုပ်ရှားမှုပြုလုပ်ခြင်းဖြင့် စတင်မည်ဖြစ်ပါကြောင်း။

"မိမိတို့အနေဖြင့် ဤကမ္ဘာကြီးပေါ်တွင် ကျန်းမာချမ်းသာစွာ အတူနေထိုင်နိုင်မည်လား" ဆိုသည့်အချက်မှာ ယခုအချိန်တွင် မိမိတို့၏ရွေးချယ်မှု၊ ဆုံးဖြတ်ချက်များပေါ်၌ မူတည်နေပါကြောင်း၊ ထို့ကြောင့် မိမိတို့ကမ္ဘာကြီး၏ အနာဂတ် သာယာလှပစေရန် မှန်ကန်ကောင်းမွန်သည့် ဆုံးဖြတ်ချက်များကို ချမှတ်ရန်လိုပါကြောင်း၊ လူငယ်လူရွယ်များအတွက် ရင်းနှီးမြှုပ်နှံခြင်း၊ အထူးသဖြင့် ဆယ်ကျော်သက်ရွယ် မိန်းကလေးငယ်များအတွက် ရင်းနှီးမြှုပ်နှံခြင်းသည် အကျိုးအရှိဆုံး ရင်းနှီးမြှုပ်နှံမှုဟု ဆိုကြပါကြောင်း၊ ၎င်းတို့၏ ကျန်းမာရေး၊ ပညာရေးနှင့် အခြားအခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် လူမှုအဖွဲ့အစည်းကို အပြည့်အဝ အကျိုးပြုနိုင်မည်ဖြစ်ပါကြောင်း။

၁၉၉၄ ခုနှစ်က ကိုင်ရိုမြို့၌ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာလူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံတွင် မိမိနိုင်ငံသားများ၏ မျိုးဆက်ပွားကျန်းမာရေးလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန်နှင့် ၂၀၁၅ ခုနှစ်တွင် အန္တရာယ်ကင်းပြီး စိတ်ချရသည့် မျိုးဆက်ပွားကျန်းမာရေးနည်းမျိုးစုံကို လူတိုင်းလက်လှမ်းမီစေရန် နိုင်ငံအားလုံးကို နှိုးဆော်ခဲ့ပါကြောင်း၊ ထောင်စုနှစ်ရည်မှန်းချက်များတွင် မျိုးဆက်ပွားကျန်းမာရေးနှင့် ဝန်ဆောင်မှုဆိုင်ရာ ဦးတည်ချက်နှင့် ပန်းတိုင်များဖြစ်သည့် ငါးနှစ်အောက်ကလေး သေဆုံးမှုကို လျှော့ချရန်၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၏ ကျန်းမာရေးအခြေအနေ ပိုမိုကောင်းမွန်လာစေရန်၊ HIV/AIDS၊ ငှက်ဖျားရောဂါနှင့် အခြားရောဂါများကို တိုက်ဖျက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် ကမ္ဘာ့နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ပိုမိုပါဝင်လက်တွဲ အကောင်အထည်ဖော်ဆောင်ရန်ဆိုသည့် ရည်မှန်းချက်ပန်းတိုင်များ ပါဝင်ပါကြောင်း။

ကမ္ဘာ့လူဦးရေ သန်းပေါင်း ၇၀၀၀ ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် တစ်ချိန်တည်းတွင် လူသားများအသက်ရှင်နေထိုင်နိုင်ရန် ပံ့ပိုးကူညီနေသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုသည့် အချက်နှစ်ချက်ကို ဟန်ချက်ညီအောင် ကြိုးပမ်းရေးသည် အရေးကြီးပြီး သိမ်မွေ့နက်နဲလှပါကြောင်း။

ဖွံ့ဖြိုးပြီးနိုင်ငံများ၏ သက်ကြီးရွယ်အိုအချိုး မြင့်မားနေချိန်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ သက်ကြီးရွယ်အိုအချိုးမြင့်မားမှုသည် အရှိန်အဟုန် ပိုမိုမြင့်မားစွာဖြင့် တိုးတက်နေပါကြောင်း၊ သက်ကြီးရွယ်အိုများသည် လုပ်ငန်းခွင်၌ ဆက်လက်တာဝန်ထမ်းဆောင်နိုင်ဦးမည်ဆိုပါက ၎င်းတို့ မိသားစု၊ ရပ်ရွာနှင့် တိုင်းပြည်အတွက် ဆက်လက်ပေးဆပ်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ဤသို့ ဖြစ်လာရန် အလုပ်အကိုင်၊ မိသားစု၊ အဖွဲ့အစည်းနှင့်ပတ်သက်သော အစီအမံများကို ပြန်လည်သုံးသပ်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း။

ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားလာစေရေးနှင့် ၎င်းတို့အတွက် စီးပွားရေးအခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် ဆင်းရဲနွမ်းပါးမှု လျော့ကျစေရန် ရည်ရွယ်၍ "ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ကျရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ" ကို ၂၀၁၁ ခုနှစ် မေ ၂၀ ရက်တွင် ကျင်းပခဲ့ပြီးနောက် နောက်ဆက်တွဲစီမံဆောင်ရွက်မှုများကိုလည်း ဆက်တိုက်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသ၌ နေထိုင်ကြပြီး လယ်ယာ၊ သားငါး၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် အများဆုံး ဆောင်ရွက်နေကြသည့် တိုင်းပြည်၏ အဓိက ကုန်ထုတ်လုပ်မှုစွမ်းအားစုကြီးဖြစ်သဖြင့် ကျေးလက်ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် ယခုကဲ့သို့ အစီအမံများ ချမှတ်ဆောင်ရွက်နေခြင်းပင် ဖြစ်ပါကြောင်း။

မိမိတို့ မြန်မာနိုင်ငံသည်လည်း မိမိနိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များကို အားသွန်ခွန်စိုက်ကြိုးပမ်းရင်း မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများ လူတိုင်းရရှိစေရေးအတွက် ကမ္ဘာ့နိုင်ငံများနှင့် စိတ်အားထက်သန်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တွင်လည်း မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ၏ အခွင့်အရေးများ၊ အမျိုးသားကျန်းမာရေးမူဝါဒများနှင့်အညီ နိုင်ငံသားတိုင်း ကျန်းမာရေးဝန်ဆောင်မှုနှင့် စောင့်ရှောက်မှုများကို ခံယူခွင့်တို့လည်း ပါရှိကြောင်း တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံ၏ လူဦးရေ လေးပုံတစ်ပုံခန့်သည် လူငယ်များဖြစ်ကြပြီး လူငယ်များကို နိုင်ငံ၏အင်အား၊ အဖိုးတန်ဆုံး ရတနာတစ်ခုအဖြစ် ခံယူပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးပေး ဆောင်ရွက်နေပါကြောင်း၊ လူငယ်များအတွက် ကျန်းမာရေးပညာပေးလုပ်ငန်း အစီအစဉ်များအပါအဝင် ကျန်းမာရေးလုပ်ငန်းအစီအစဉ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံတော်၏ ပညာရေးစနစ်သည်လည်း လူငယ်များကို စာရိတ္တပိုမိုမြင့်မားခိုင်မာပြီး ဘဝ၏ အခက်အခဲပြဿနာများ၊ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်အောင် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများနည်းတူ သက်ကြီးရွယ်အိုများ လျင်မြန်စွာတိုးပွားလာပြီး မြန်မာနိုင်ငံလူဦးရေတွင် သက်ကြီးရွယ်အို ပါဝင်မှုနှုန်းမှာ ၂၀၁၅ ခုနှစ်တွင် ၉ ရာခိုင်နှုန်းခန့် ဖြစ်လာနိုင်သည်ဟု ခန့်မှန်းထားကြပါကြောင်း၊ ထို့ကြောင့် သက်ကြီးရွယ်အိုများကို အလေးထားစောင့်ရှောက်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းထားရင်း သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက်လည်း အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ရပ်ရွာလူထုများ တက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန် လှုံ့ဆော်မှုများကိုလည်း ပြုလုပ်သွားမည် ဖြစ်ပါကြောင်း၊ တစ်ဦးချင်းမှသည် မိသားစုများအားလုံး၏ ဘဝအရည်အသွေးမြင့်မားရေးဆိုသည့် ကောင်းမြတ်သော ရည်ရွယ်ချက်ကို ကိုင်စွဲလျက် လူဦးရေ သန်း ၇၀၀၀ ရှိလာမည့် ပိုမိုကောင်းမွန် ကျန်းမာပျော်ရွှင်ဖွယ် ကမ္ဘာကြီးကို တည်ဆောက်ကြပါစို့ဟု တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Mohamed S. Abdel- Ahad က ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၁ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများပေးအပ်ရာ ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုများပေးအပ်သည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ ခေတ္တ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး Mr. Bhairaja Panday၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Mohamed S. Abdel-Ahad နှင့်ဌာနဆိုင်ရာအကြီးအကဲများက စာစီစာကုံးပြိုင်ပွဲနှင့် ပိုစတာပြိုင်ပွဲတို့တွင် ဆုရရှိကြသူများအား ဆုများပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များသည် ဆုရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဆုရပိုစတာများ၊ စာစီစာကုံးများ၊ ရောင်စုံဓာတ်ပုံများနှင့် ဆောင်းပါးစာမူများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။ (သတင်းစဉ်)

သဘင်အနုပညာသမားစဉ် စာအုပ်ထွက်ရှိ

ကိုဇော်ဌေး(ယဉ်ကျေးမှု)၏ သဘင်အနုပညာသမားစဉ် စာအုပ်ထွက်ရှိလာသည်။ အဆိုပါစာအုပ်တွင် ရုပ်သေး၊ ဇာတ်၊ ပြဇာတ်၊ အငြိမ့်နှင့် ရာမယဏဇာတ်တော်ကြီးတို့မှ မြန်မာလူမျိုးတို့၏ အနှစ်သက်ဆုံး ဖျော်ဖြေမှုများ၊ မြန်မာပြည်အနှံ့ တောရောမြို့ပါ နေထိုင်ကြသောလူအများစုကို ဆွဲဆောင်နိုင်သည့် ရုပ်သေး၊ ဇာတ်၊ ပြဇာတ်၊ အငြိမ့်နှင့် ရာမယဏဇာတ်။ ထိုသဘင်အနုပညာတို့၏ သမားစဉ်ပြောင်းလဲမှု ရှေးရိုးအစဉ်အလာကို သဘင်ပညာသည်တို့ မေ့လျော့နေပြီဖြစ်သော်လည်း စာပြုသူက "သဘင်အနုပညာသမားစဉ်"ကို ကျမ်းကိုး အထောက်အထားများဖြင့် ပြုစုတင်ပြထားသည့် စာအုပ်ဖြစ်သည်။ သဘင်အနုပညာရှင်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာကို ခုံမင်သူများ၊ မြန်မာ့ယဉ်ကျေးမှုကို လေ့လာသူများ ဖတ်ရှုမှတ်သားသင့်သည့် စာအုပ်ကောင်းဖြစ်ပြီး လာဘ်မိုးဆွေစာပေ အမှတ်(၁၁၁) (ပ)ထပ် (၃၃)လမ်း(လယ်)မှ ဖြန့်ချိပြီး တန်ဖိုးငွေကျပ် ၂၀၀၀ ဖြစ်သည်။

စိန်လင်း(ခွဲစိတ်နှင့်ကင်ဆာပါရဂူ)၏ 'သစ္စာ'

စာရေးဆရာစိန်လင်း (ခွဲစိတ်နှင့်ကင်ဆာပါရဂူ)၏ စာအုပ်သစ် "သစ္စာ"ကို ပထမအကြိမ် ထုတ်ဝေဖြန့်ချိလိုက်သည်။

"သစ္စာ"တွင် သစ္စာ၊ ဗုဒ္ဓရဲ့တရားဦး၊ ပထမအရိယာသစ္စာ၊ ဒုတိယ အရိယာသစ္စာ၊ တတိယအရိယာသစ္စာ၊ စတုတ္ထအရိယာသစ္စာ၊ အနတ္တသဘော၊ ဘဝဖြစ်တည်မှုနှင့် အနတ္တဒေသနာ၊ ဓမ္မစကြာ၊ အနတ္တလက္ခဏသုတ်ဟူ၍ အခန်း ၁၀ ခန်း ပါဝင်သည်။

စစ်တွေမြို့သို့ သွားရောက်တာဝန်ထမ်းဆောင်ခဲ့ရသည့် ခွဲစိတ်ကုဆရာဝန်တစ်ဦး၏အမှတ်တရများကိုအခြေခံရေးဖွဲ့ထားပြီး "သစ္စာဆိုတဲ့ အမှန်တရားမှာ စိုပြည်အေးမြတဲ့မေတ္တာ၊ သနားကြင်နာတဲ့ ကရုဏာတွေ အမြဲယှဉ်တွဲလျက်ရှိသလို တစ်ခုတည်းသောသဘာဝတရားရဲ့ ခွဲခြားလို့မရနိုင်သောအရာများသာ ဖြစ်တယ်ဆိုတာ နားလည်သွားပါတယ်"ဟူ၍ "သစ္စာ"ကို လှပသေသပ်စွာ နိဂုံးချုပ်တင်ပြထားသည်။

"လောကမှာ အသေချာဆုံးအရာဟာ မသေချာခြင်းဖြစ်လို့ တန်ဖိုးရှိလှတဲ့ လူ့ဘဝတိုတိုလေးမှာ စာဖတ်သူများကိုလည်း သစ္စာလေးပါးနှင့် အနတ္တသဘာဝကို တရားရှုမှတ်အားနဲ့ သိမြင်သွားစေချင်ပါတယ်"ဟူသည့် စာရေးသူ၏ စေတနာနှင့်အညီ သစ္စာနှင့်အနတ္တသဘောကို ပြည့်စုံစွာ စေကြောဖွေရှာတင်ပြထားသည်။ "သစ္စာ"ကို စိတ်ကူးချိုချိုစာပေ အမှတ်(၆၇) ၁၆၄ လမ်း တာမွေမြို့နယ်မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ပထမအကြိမ် ထုတ်ဝေဖြန့်ချိလိုက်သည်။

☆ ကျောဖုံးမှ

ယင်းနောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

မိတ်ဆက်ပေး

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်က လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ပြန်လည်မိတ်ဆက်

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကလည်း ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တို့နှင့် ပြန်လည်မိတ်ဆက်ပေးသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတ မြန်
လာအိုဝန်ကြီးချုပ် ဦးဆောင်ေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိ
အဖွဲ့အား ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မ

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီးနှင့် ဌာန

ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းခံယူ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတဦးသိန်းစိန်အား လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးစဉ်။

(သတင်းစဉ်)

ပြန်လည်မိတ်ဆက်ပေး

နိုင်ငံတော်သမ္မတဦးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်အား ကြိုဆိုနှုတ်ဆက်ကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ပြန်လည်မိတ်ဆက်ပေးစဉ်။ (သတင်းစဉ်)

ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းပြပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၁

ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း အလယ်ဘလောက်ရှိ KMD Centre (ပန်းဆိုးတန်း)နှင့် မြေနီကုန်း မဟာမြိုင်ကားမှတ်တိုင်အနီးရှိ KMD(မြေနီကုန်း) တို့တွင် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းပြပွဲကို ဇူလိုင် ၁၅ ရက်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ နုတ်ဘုတ်ကွန်ပျူတာများကို ယခုအခါ အများအပြား သုံးစွဲလာရာ စီးပွားရေးလုပ်ငန်းများနှင့် တစ်ကိုယ်ရေသုံးစွဲသူများအတွက် ထိုပွဲတော်တွင် ဈေးနှုန်းချိုသာသော နုတ်ဘုတ်အများအပြားကို ပြသသွားမည်ဖြစ်ပြီး ငွေကျပ် ၃၃၅၀၀၀ ဝန်းကျင်ဖြင့် ပြသသွားမည်ဖြစ်သည့်အပြင် ဈေးဝယ်ကူပွန်များကိုလည်း ပေးသွားမည်ဖြစ်သည်။ ထို့အပြင် KMD Education Centre အနေဖြင့်လည်း ထိုနေ့တွင် သင်တန်းများကို ၂၀ ရာခိုင်နှုန်းလျှော့၍ လက်ခံပေးသွားမည်ဖြစ်ပြီး နိုင်ငံခြားသို့ ကျောင်းသွားတက်မည့်သူများအတွက် အခမဲ့ဆွေးနွေးပေးမည့်အပြင် ကျောင်းလျှောက်ထားသူများအတွက် Application fee ကင်းလွတ်ခွင့်နှင့် အခြားပစ္စည်းများကိုလည်း လက်ဆောင်အဖြစ် ပေးအပ်သွားမည်ဖြစ်သည်။ ကွန်ပျူတာပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက KMD (Head Office)ဖုန်း- ၂၄၅၁၈၀၊ ၃၈၅၁၇၇၊ KMD (မြေနီကုန်း)ဖုန်း- ၅၀၃၅၁၁၊ ၅၀၃၅၂၂၊ KMD(မဟာဗန္ဓုလပန်းခြံလမ်း)၊ ဖုန်း- ၀၉-၈၃၀၃၇၇၈၊ ၀၉-၈၃၀၁၀၃၇ တို့သို့ စုံစမ်း မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

င်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် းချုပ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာဖြင့် တည်ခင်း

နေပြည်တော် ဇူလိုင် ၁၁

မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင် ဦးဆောင်သော ကိုယ်စားလှယ် ရှိခဲ့တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်း သမာဗောင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E .Mr. Nilahath Sayarath နှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ဖျော်ဖြေ

ဂုဏ်ပြုညစာ မသုံးဆောင်မီ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာ့ဂုတေးသံသာများဖြင့် တီးခတ်သီဆို ဖျော်ဖြေကြသည်။

သုံးဆောင်

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်တို့သည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ကြည့်ရှုအားပေး

ညစာ သုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့သည် နိုင်ငံတော်သမ္မတရုံးသဘင်ဆောင်၌ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနတို့မှ အနုပညာရှင်များ၏ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

တည်ခင်းဧည့်ခံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

နိုင် ငံ တော်သမ္မတ ဦးသိန်းစိန် ဂုဏ်ပြုညစာ စားပွဲသို့ တက်ရောက်လာသော လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသွန်ဆင်း သမာဗောင်အား ရင်းရင်း နှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

န့်လည်မိတ်ဆက်ပေး

တော်သမ္မတဦးသိန်းစိန် လာအို ကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် သွန်ဆင်းသမာဗောင်အား ကြိုဆို ကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တ်ဆက်ပေးစဉ်။ (သတင်းစဉ်)

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် ဇူလိုင် ၁၁

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အားကစားဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Nilahath Sayarath နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ကြိုဆိုနှုတ်ဆက်ကြသည်။(သတင်းစဉ်)

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင် ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၂-၇-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
၇း၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၆။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၅	၇။	နှောင်းခေတ်တေးပဒေသာ
၈း၂၀	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၃၀	၉။	အဆိုပြိုင်ပွဲ
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	တေးဂီတအစီအစဉ်
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးသရုပ်ဖော်အစီအစဉ်
၄း၂၀	၃။	နားဝင်ပီယံသူ့လက်သံ
၄း၃၀	၄။	တေးဂီတအစီအစဉ်
၄း၄၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ)
၅း၀၀	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၅	၇။	ကြေးမုံရိပ်သွင်တေးနှုယဉ်
၅း၁၅	၈။	"နတ်လူသာဓုခေါ်စေသော်"
၅း၄၅	၉။	ရင်မှာစွဲထင်တေးအလှသံစဉ်
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၁၅	၁၁။	မိုးလေဝသအခြေအနေ
၆း၂၀	၁၂။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အောင်လ)
၆း၃၅	၁၃။	ဆိုလိုက်ကြစို့
၇း၀၀	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာနှလုံးသား" (အပိုင်း-၈)**
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	ရယ်စရာဟာသများ
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ "နားခိုရာ" (အပိုင်း-၁၄)**
	၂၀။	အစီအစဉ်ပြီး၏။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၁

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီးရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် လာရောက်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အထူးရောင်းချပွဲ၌ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များက ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစားကြည့်ရှုလေ့လာကာ ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူနေမှုအား ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ၊ ပြပွဲဗဟိုကော်မတီဝင်များနှင့် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လိုအပ်သည်များကို လိုက်လံကြီးကြပ်ဆောင်ရွက်ပေးကြသည်။

အထူးရောင်းချပွဲတွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြသူများနှင့် မဏိရတနာကျောက်စိမ်းခန်းမ၌ ဖွင့်လှစ်ရောင်းချလျက်ရှိသော လက်ဝတ်ရတနာအရောင်းဆိုင်များတွင် ဝယ်ယူကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့အထိ ဈေးပြိုင်စနစ်ဖြင့် ကျောက်စိမ်းအတွဲပေါင်း ၇၃ တွဲ ရောင်းချရကြောင်းနှင့် ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲကို ဇူလိုင် ၁၃ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ၌ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူနေမှုအား ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၁၁

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသော နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်နေရာများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

အမှတ်(၁)နေပြည်တော်အားကစားကွင်း၊ အုပ်စု(ဂ)

လယ်ယာ/ဆည်မြောင်းဝန်ကြီးဌာန သုံးဂိုး
(ကျော်လွင်-နှစ်ဂိုး၊ သူရကိုကို)
ပို့ဆောင်ရေးဝန်ကြီးဌာန နှစ်ဂိုး
(သန်းဝင်းအောင်၊ စိုင်းကျော်သီဟ)
ဒိုင်လူကြီး ဦးထွန်းရှင်(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

အမှတ်(၂)နေပြည်တော်အားကစားကွင်း၊ အုပ်စု(ဃ)

အလုပ်သမားဝန်ကြီးဌာန တစ်ဂိုး
(ချမ်းအေး)
သတ္တုတွင်းဝန်ကြီးဌာန တစ်ဂိုး
(မျိုးသူဝင်း)
ဒိုင်လူကြီး ဦးထွန်းကြည်(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

နေပြည်တော်လယ်ဝေးအားကစားကွင်း၊ အုပ်စု(ဂ)

အမှတ်(၂) စက်မှုဝန်ကြီးဌာန လေးဂိုး
(ဇော်မင်းအောင်နှစ်ဂိုး၊ ထက်အာကာ၊ မျိုးညွန့်ဝင်း)
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဂိုးမရှိ

နေပြည်တော်လယ်ဝေးအားကစားကွင်း၌ ကျင်းပသော ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်သို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦးနှင့် ဌာနဆိုင်ရာအကြီးအကဲများ လာရောက်ကြည့်ရှုအားပေးကြသည်။

၁၂-၇-၂၀၁၁(အင်္ဂါနေ့)ပွဲစဉ်များ

အမှတ်(၁)နေပြည်တော်အားကစားကွင်း၊ အုပ်စု(ဃ)
သာသနာရေးနှင့်ပညာရေး
အမှတ်(၂)နေပြည်တော်အားကစားကွင်း၊ အုပ်စု(င)
စီမံ/စီးပွားနှင့်ဟိုတယ်/ခရီး
နေပြည်တော်လယ်ဝေးအားကစားကွင်းအုပ်စု(င)
နယ်စပ်ရေးရာနှင့်ပြည်ထဲရေး

(၁၀၇)

၂၀၁၁ ခုနှစ် ပဋ္ဌမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်တွင် အမှတ်(၁) နေပြည်တော် အားကစားကွင်း၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ (သတင်းစဉ်)

ပြေးခုန်ပစ်နည်းပြသင်တန်း အဆင့်(၁)ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၁

၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ ညီညွတ်ရေးအစီအစဉ်အရ ဖွင့်လှစ်သည့် ပြေးခုန်ပစ်နည်းပြသင်တန်း အဆင့်(၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်း ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံပြေးခုန်ပစ် အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်သို့ အလှူငွေပေးအပ်

နေပြည်တော် ဇူလိုင် ၁၁

အိုင်ယာလန်နိုင်ငံ၌ ဩဂုတ် ၂၃ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ကျင်းပမည့် ကမ္ဘာ့ဘိလိယက်ပြိုင်ပွဲသို့ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ အားကစားသမားများ သွားရောက်ယှဉ်ပြိုင်မည့် ကုန်ကျစရိတ်များအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၆ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ရုံးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် အတွင်းရေးမှူးက အလှူရှင်၏ကိုယ်စား အလှူငွေလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အလှူရှင် ယွန်းဒီအိမ် ကျောက်မျက်ရတနာ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးအောင်လင်း **(အပေါ်ပုံ)**က မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်သို့ အလှူငွေကျပ်သိန်း ၁၀၀ ကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ထံ ပေးအပ်လှူဒါန်း၍ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့သည်။ (သတင်းစဉ်)

စခန်းသွင်းလေ့ကျင့်လျက်ရှိသော လက်ရွေးစင်အားကစားသမားများအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး လှည့်လည်စစ်ဆေး

ရန်ကုန် ဇူလိုင် ၁၁

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်သည် ယနေ့နံနက် ၇ နာရီတွင် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ် သုဝဏ္ဏလူငယ်လေ့ကျင့်ရေးစခန်းတွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသော လက်ရွေးစင်ပိုက်ကျော်ခြင်းနှင့် လက်ဝှေ့အားကစားသမားများ၏ လေ့ကျင့်နေမှုများကို လည်းကောင်း၊ကျိုက္ကဆံအားကစားကွင်းအတွင်း၌ ဝူရှူး(ဆန်းဆို) လက်ရွေးစင်အားကစားသမားများ၏ လေ့ကျင့်နေမှုများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

အမေရိကန်က ဘရာဇီးကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ယူ

ပြင်သစ်နှင့် အမေရိကန်၊ ဂျပန်နှင့် ဆွီဒင်တို့ အကြိုဗိုလ်လုမည်

ဘာလင် ဇူလိုင် ၁၁

ကမ္ဘာ့ဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်စတုတ္ထပွဲစဉ်အဖြစ် ဘရာဇီးနှင့် အမေရိကန်တို့ ယမန်နေ့ညက ယှဉ်ပြိုင်ကစားခဲ့ရာ အမေရိကန်က ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရပြီး အကြိုဗိုလ်လုပွဲတက်သွားပြီဖြစ်သည်။

တစ်ဂိုးစီသရေ

ယခုပွဲသည် အကြိုဗိုလ်လုပွဲသို့ တက်နိုင်ရေး အရေးကြီးသည့်အလျောက် နှစ်သင်းလုံးလူစုံထုတ် ပွဲထွက်ကစားခဲ့သည်။ ပွဲစသည်နှင့် အကြိတ်အနယ်ရှိခဲ့ပြီး ပထမပိုင်း ၂ မိနစ်မှာပင် ဘရာဇီးနောက်ခံလူ ဒိုင်ယာနီ ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့၍ အမေရိကန်တို့ ဦးဆောင်ဂိုးရသွားသည်။ ထို့နောက်ပိုင်းတွင် ဘရာဇီးတို့ ချေပဂိုးရရှိရေး ပြန်လည်တိုက်စစ်ဆင်ကစားလာခဲ့သည်။ ဒုတိယပိုင်း ပွဲချိန် ၆၅ မိနစ်တွင် အမေရိကန်ကစားသမား ရေချယ်ဘုချ်လာ အနီကတ်ပြထုတ်ပယ်ခြင်းခံခဲ့ရသကဲ့သို့ ဘရာဇီးတို့ ပယ်နယ်တီကန်ခွင့်ရသွားသည်။ ယင်းပယ်နယ်တီကို ဘရာဇီးတိုက်စစ်မှူး မာတာက ပွဲချိန် ၆၈ မိနစ်တွင် ကန်သွင်းယူခဲ့၍ တစ်ဂိုးစီသရေ ဖြစ်နေခဲ့သည်။

အကြိုဗိုလ်လုပွဲတက်

ဤနှစ်သင်းသည် သာမန်ပွဲကစားချိန် မိနစ် ၉၀ အတွင်း တစ်ဂိုးစီသရေကျနေ၍ အချိန်ပို ဆက်လက်ကစားခဲ့ရာ ပွဲချိန် ၉၂ မိနစ်တွင် မာတာက ဘရာဇီးအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး အမေရိကန်တိုက်စစ်ကို ထိန်းချုပ်ထားနိုင်ခဲ့သော်လည်း အချိန်ပိုဒုတိယပိုင်း နောက်ဆုံးမိနစ်တွင် အမေရိကန်ကစားသမား ဝမ်းဘတ်ချ်၏ ခေါင်းတိုက်ဘောကို ဘရာဇီးဂိုးသမား အန်ဒရီယာ ကာကွယ်နိုင်ခြင်းမရှိခဲ့၍ နှစ်ဂိုးစီသရေဖြင့်ပွဲကို ပြီးဆုံးစေခဲ့သည်။ ထို့ကြောင့် ပယ်နယ်တီ အဆုံးအဖြတ်ကန်သွင်းရာတွင် ဘရာဇီးက သုံးဂိုးဝင်ပြီး အမေရိကန်က ငါးဂိုးဝင်ခဲ့၍ အမေရိကန်အသင်း အကြိုဗိုလ်လုပွဲ တက်ခွင့်ရသွားသည်။

ယှဉ်ပြိုင်ကစားမည်

အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ဇူလိုင် ၁၃ ရက်(ဗုဒ္ဓဟူးနေ့) ည ၁၀း၃၀ နာရီတွင် ပြင်သစ်နှင့် အမေရိကန်၊ ဇူလိုင် ၁၄ ရက် (ကြာသပတေးနေ့) နံနက် ၁း၁၅ နာရီတွင် ဂျပန်နှင့် ဆွီဒင်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ESPN

အကြိုဗိုလ်လုပွဲသို့ တက်နိုင်ခဲ့၍ ပြုံးပျော်နေသည့် အမေရိကန်အသင်းမှ ကစားသမားများ။

ဟန်သစ်

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်အား ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်အား ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အဆောက်အအုံခန်းမ၌ ကျင်းပသည်။

ကြိုဆိုနှုတ်ဆက်

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့တက်ရောက်ရန် ခေတ္တတည်းခိုသည့် မြတ်တော်ဝင်ဟိုတယ်မှ နိုင်ငံတော်သမ္မတရုံး အဆောက်အအုံခန်းမသို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

အလေးပြုခြင်းခံယူ

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တို့၏ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်ကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**